# ရွေးကောက်ပွဲလုပ်တယ်ဆိုရင် သတိပြုရမှာက

နအဖစစ်အုပ်စုအဖို့လာမယ့်ရွေးကောက်ပွဲကနေ ဘယ်လိုအဖြေပဲထွက်ထွက် နိုင်ငံ့အာဏာနဲ့ အရေးကြီးဝန်ကြီးနေရာတွေ၊ ရာထူးဌာနန္တရတွေကတော့ သူတို့ဖန်တီးထားတဲ့ ဖွဲ့စည်းပုံဥပဒေအရ သူတို့အတွက်သပိတ်ဝင်အိတ်ဝ်ဖြစ်ပြီး နေပါလျက် သူတို့ ဘာလို့အခုအထိ ရွေးကောက်ပွဲဥပဒေကို မပြဌာန်းသေးတာလဲ။

တနည်း... ဗိုလ်သန်းရွှေက ဘာဖြစ်လို့အလံစိမ်း မပြသေးတာလဲ။ ပြည်တွင်းပြည်ပက တအံ့တသြ စောင့်ကြည့်နေကြတယ်။

သူတို့တတွေသေချာသထက် သေချာအောင် လုပ်နေကြတယ်။

တကယ်တော့ဗမာနိုင်ငံမှာ လူထုတွေကို မဲပေးခွင့်ပြုခဲ့တဲ့ ရွေးကောက်ပွဲတွေရဲ့သမိုင်းကို ပြန်ကြည့်လိုက်ရင် စစ်အုပ်စုအဖို့ထိတ် လန့်စရာချည်း လိုလိုဖြစ်နေတာကို တွေ့ရမယ်။

၁၉၅၆ခုနှစ်ရွေးကောက်ပွဲဟာ ဖဆပလနဲ့ ဆိုရှယ်လစ်ပါတီကလူတွေရဲ့ အမျိုးမျိုးသော ညစ်ပတ်မှု၊ ခြိမ်းခြောက်မှု၊ သတ်ဖြတ်မှုတွေထဲကနေ ကျင်းပခဲ့တာ ဖြစ်တယ်။ ဆိုရှယ်လစ်ပါတီလို့ဆိုလိုက်တာနဲ့ပဲ ဆိုရှယ်လစ်ပါတီနဲ့ ဆက်နေတဲ့ စစ်တပ်ထဲက ထိပ်သီးတွေရဲ့ အခန်းကို လည်းချန်လို့မရဘူး။

ဒါပေမဲ့ ဒီလိုဖိနှိပ်နေတဲ့အကြားကပဲ အဲဒီရွေးကောက်ပွဲမှာ အတိုက်အခံပမညတက အမတ်နေရာ ၄၆ နေရာ ရလိုက်တယ်။ အမတ်နေရာအရပြောရရင် ပမညတ ကရတာဟာ ဖဆပလ ကရတာရဲ့သုံးပုံတပုံတောင် မရှိဘူး။ ဒါပေမဲ့ မဲအရေအတွက်အရပြောရရင်တော့ ပမညတဟာ ဖဆပလရဲ့ ၆၅% လောက်ရရှိတာဖြစ်တယ်။ အဲဒီကနေ နောက်ဆက်တွဲဖြစ်တာက ဖဆပလကွဲတာပဲ။ ပြဿနာကဒီမှာတင်ရပ်မနေဘူး၊ ဒီဖဆပလကွဲတာကနေဆက်ပြီး အစိုးရတွင်း၊ စစ်တပ်အတွင်းပါ အက်ကြောင်းတွေ လိုက်ကုန်တော့တယ်။ သူတို့နောက်လိုက်စီးပွားရေးသမားတွေထဲမှာလည်း ဂိုဏ်းတွေကွဲတယ်။ နောက်ဆုံးသံဃာတွေထဲမှာတောင်ကွဲတယ်။ ဒီလိုနဲ့ ၁၉၅၈ခုနှစ်မှာဗိုလ်နေဝင်းနဲ့ ဆိုရှယ်လစ်စစ်ဗိုလ်တွေက အိမ်စောင့်အစိုးရဆိုပြီး အာဏာသိမ်းတာဖြစ်ခဲ့တယ်။

အဲဒီလိုအာဏာသိမ်းပြီးနောက် အတိုက်အခံအားလုံးကို ဖမ်းသူဖမ်း၊ ကိုကိုးကျွန်းပို့သူပို့၊ ခြောက်လှန့်တန်သူကိုခြောက်လှန့် ပြီး သူတို့အတွက် အခြေအနေတွေ တည်ငြိမ်လောက်ပြီ၊ ပိုင်လောက်ပြီယူဆနိုင်မှ ၁၉၆၀ခုနှစ်ရွေးကောက်ပွဲကိုကျင်းပပေးခဲ့တယ်။ ဒါပေမဲ့ဗိုလ်နေဝင်းတို့ရဲ့တွက်ကိန်းဟာ သွက်သွက်ခါအောင်မှားသွားတယ်ဆိုတာ တွေ့ရတော့တယ်။ တနိုင်ငံလုံးမှာရွှေဝါရောင်လွှမ်း သွားပြီးတည်မြဲဖဆပလဟာ ၁၉၅၆ ခုနှစ်တုန်းက ပမညတရဲ့အမတ်နေရာအရေအတွက်၊ မဲအရေအတွက်လောက်မှ မရဘူးဖြစ်သွားတယ်။

အဲဒီအဖြစ်ရဲ့တန်ပြန်ဂယက်ကတော့ စစ်အုပ်စုအတွင်းကွဲတာပဲ။ ဒါဟာ ဖဆပလ အကွဲကစပေါ်ခဲ့တဲ့ အက်ကြောင်းကနေ ဆက်တယ်လို့ဆိုရင်မမှားဘူး။ ဒီလိုနဲ့ ၁၉၆၀ခုနှစ်ရွေးကောက်ပွဲကျင်းပပြီးလို့ တနှစ်တိတိအကြာ ၁၉၆၁ခုနှစ်ဖေဖော်ဝါရီလမှာ ဗိုလ်နေဝင်းဟာ သူ့ဘဝအတွက်အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကြီးတခုချလိုက်တယ်။ အဲဒါကတော့ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ရွှေ စတဲ့ ဆိုရှယ်လစ်စစ်ဗိုလ်ထိပ်သီးတချို့ကို တပ်ထဲကဖယ်ရှားပစ်လိုက်တာပဲ။ ဒါပေမဲ့ ဗိုလ်အောင်ကြီး၊ ဗိုလ်တင်ဖေစသူတွေကိုတော့ ချန်ထားသေးတယ်။ စစ်အုပ်စုအတွင်း ဖြုတ်–ထုတ်–ရှင်းတာတွေဟာ အဲဒီကစတာပဲ။

အဲဒီလို သူ့အတွက်အခြေမြဲပြီလို့ထင်တာနဲ့ ဗိုလ်နေဝင်းဟာ ၁၉၆၂ခုနှစ် အာဏာသိမ်းပွဲကိုလုပ်လိုက်တယ်။ ပြီးတော့ ဗိုလ်အောင်ကြီးတို့ကိုလည်း တယောက်ပြီးတယောက် ထုတ်ပစ်ခဲ့တယ်။ ဒီခြေလှမ်းတွေမလုပ်မီ ဗိုလ်နေဝင်းက စစ်တပ်ရဲ့ ရှေ့ဆောင်အတွေးအခေါ်အဖြစ်

မဆလလလမ်းစဉ်ကို ဦးစောဦး၊ ဦးချစ်လှိုင်၊ ဓမ္မိကဦးဘသန်းစသူတွေကို ရေးခိုင်းခဲ့တယ်။ ဒါကလည်း စစ်တပ်က အာဏာကို ရေရှည်ထိန်းသွားဖို့ပြင်ဆင်တဲ့ ခြေလှမ်းတခုပဲ။ ဗိုလ်မောင်မောင်တို့ကိုဖယ်ရှားပစ်တာကတော့ ရှေးဦး ခြေလှမ်းလို့ဆိုရမယ်။

အဆိုးဆုံးသင်ခန်းစာကတော့ ၁၉၉၀ခုနှစ်ရွေးကောက်ပွဲလို့ပြောနိုင်တယ်။ ဒီရွေးကောက်ပွဲကိုကျင်းပပေးရချိန်ဟာ အထက် တုန်းက ရွေးကောက်ပွဲတွေနဲ့မတူဘူးဆိုတာ သတိထားရမယ်။ ၁၉၅၆ နဲ့ ၁၉၆၀ ရွေးကောက်ပွဲတွေကို စစ်တပ်(နဲ့ဆိုရှယ်လစ်ပါတီ)က အခြေအနေတွေကို ထိန်းထားနိုင်တယ်ဆိုတဲ့ အနေအထားမှာ ကျင်းပခဲ့တာဖြစ်တယ်။ ၁၉၆၀ခုနှစ်ရွေးကောက်ပွဲဆိုရင် စစ်တပ်အတွင်း၊ အထူးသဖြင့်ဆိုရှယ်လစ်စစ်ဗိုလ်တွေအတွင်း အသေအချာပြင်ဆင်တာဝန်ခွဲပြီးမှ ကျင်းပခဲ့တာဖြစ်တယ်။ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲကိုကျတော့ စစ်တပ်ဟာခံစစ်အနေအထားရောက်နေတဲ့ အခြေအနေမှာကျင်းပရတာဖြစ်တယ်။ ဒါပေမဲ့လည်း ဗိုလ်နေဝင်းအပါအဝင် ဗိုလ်ချုပ်တွေဟာ ဒီရွေးကောက်ပွဲမှာ သူတို့ဖက်သား တစညပဲအနိုင်ရမယ်လို့တွက်ထားခဲ့တယ်။ဒါပေမဲ့ လူထုကြီးက တကယ်တမ်း အစွမ်းပြလိုက်တော့ တစညပါတီဟာ ၁၉၆၀ခုနှစ် ရွေးကောက်ပွဲတုန်းက တည်မြဲဖဆပလရတဲ့ အမတ်နေရာထက် အများကြီးပိုနည်းတဲ့ အရေအတွက်နဲ့နှာခေါင်းကျည်ပွေ့တွေ့သွားတော့တယ်။

ဒီရလာဒ်ရဲ့နောက်ဆက်တွဲကတော့ စစ်တပ်တွင်းထပ်ကွဲတာပဲ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အောင်ပွဲဟာ ရှစ်လေးလုံး အရေးတော်ပုံကြီးကို နှိမ်နင်းပြီးအုပ်ချုပ်ဖို့ ဗိုလ်နေဝင်းက လက်ရွေးစင်ရွေးထုတ်၊ တာဝန်ပေးလိုက်တဲ့ ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေ၊ ဗိုလ်ခင်ညွန့်တို့အကြားမှာ ဘယ်လိုမှ ပြန်ဆွဲနုတ်လို့မရတဲ့ သပ်ကြီးတချောင်း ရိုက်သွင်းလိုက်သလိုဖြစ်သွားခဲ့တယ်။ ပထမဆုံး လွင့်သွားတာက ဗိုလ်စောမောင်။ နောက်တော့ အားလုံးသိကြတဲ့အတိုင်း ဗိုလ်ခင်ညွန့်။ စစ်တပ်တွင်းဖြေရှင်းလေ့ရှိတဲ့ တရား နည်းလမ်းအတိုင်း တခါလွင့်သွားတယ်ဆိုရင် အပြီးအပြတ်၊ မပြန်တမ်းလွင့်သွားတာပဲ။ နောက်ကိုပြန်လှည့်မကြည့်နဲ့တော့။

ဒီတော့ အထက်မှာတင်ပြခဲ့တဲ့ ရွေးကောက်ပွဲအတွေ့အကြုံတွေကို ပြန်သုံးသပ်ကြည့်ရင် ဗမာပြည်မှာ ပြည်သူလူထုကိုသာ တကယ်တမ်းဆန္ဒဖော်ပြခွင့်ပြုလိုက်ရင် ဖိနှိပ်တဲ့ အုပ်စိုးသူတွေဟာ ဒုက္ခတွေ့တော့တာချည့်ပဲဆိုတာကို မြင်ရမယ်။ ၁၉၅၆ခုနှစ် တုန်းကလို ရွေးကောက်ပွဲမှာ သူတို့လူတွေအနိုင်ရအုန်းတောင်မှ အာဏာကို မတရားရယူချင်တဲ့ ဆိုရှယ်လစ်ဖဆပလတွေ၊ အာဏာကိုမက်မောတဲ့ စစ်အုပ်စုတွေအတွင်း ဒီလို

ရွေးကောက်ပွဲတွေလုပ်ပြီးတိုင်း သူ့ကိုယ်အပြစ်တင်၊ ကိုယ့်သူအပြစ်တင်နဲ့ အကွဲအပြဲတွေဖြစ်၊ နောက်ဆုံးအာဏာသိမ်းရတာဖြစ်ဆိုတာကို တရားတခုလိုတောင်တွေ့နေရတယ်။ လူထုရဲ့အစွမ်းက အဲဒီလောက် ကြီးမားတာ။

အခုနအဖက သူတို့ရဲ့ရွေးကောက်ပွဲမှာ ပွဲစည်သထက်စည်အောင်၊ ဝင်ပြိုင်တဲ့လူများလေ၊ သူတို့အဖို့ရုပ်ပြကောင်းလေဆိုပြီး ရွေးကောက်ပွဲအတွက် နည်းအမျိုးမျိုးနဲ့လှုံ့ဆော်နေတယ်။ (ဒါပေမဲ့ သူတို့ကိုယ်တိုင် တရားဝင်လှုံ့ဆော်တာမျိုးတော့ မလုပ်ရဲဘူး။ သူတို့မွေးထားတဲ့ အလံရှူးတွေ၊ စိတ်တော်သိဗောင်းတော်ငြိတ်တွေကတဆင့် သဘောတရားတွေဖြန့်၊ သတင်းတွေလွှင့်လုပ်နေတာ)။ ဒီတော့ လူတချို့၊ အဖွဲ့တချို့တို့က စိတ်ဝင်စားတာတွေ တွေ့ရတယ်။ အဲ၊ စိတ်ဝင်စားတဲ့အကြောင်းကလဲ အမျိုးမျိုးပဲ။ ကိုယ့်စဉ်းစားနည်းနဲ့ကိုယ်၊ ကိုယ့်အကျိုးကြည့်မှုနဲ့ကိုယ်။

ဒါဆိုရင် နအဖအနေနဲ့ "ဘယ်ဟာကကိုယ့်လူ" "ဘယ်ဟာက သူ့လူ"လို့ သတ်မှတ် ရမလဲ။

အခုအထိတော့ ကြံ့ဖွတ်ကိုကိုယ့်လူလို့ပြောနိုင်ပါသေးတယ်။ တစည ကိုလည်း အနည်းဆုံးစိတ်ချရတဲ့မဟာမိတ်လို့ ပြောနိုင် ပါသေးတယ်။ ဒါပေမဲ့ တကွေ့တချိန်မှာ၊ အထူးသဖြင့်အမတ်နေရာတွေ အများကြီးရ သွားရင်တစည ဟာ ကိုယ့်လူဟုတ်ပါအုန်းတော့ မလား။ တခြားအဖွဲ့တွေ၊ လူတွေရော။

လူဆိုတာအခက်အခဲနဲ့တွေ့ရင်ဖြစ်စေ၊ စည်းစိမ်အာဏာနဲ့ တွေ့ရင်ဖြစ်စေ၊ ပြောင်းလဲတတ်တယ်ဆိုတာ နအဖဗိုလ်ချုပ်တွေ အသိဆုံးပဲ။ အခုအရွေးခံမယ်ဆိုတဲ့လူတွေဟာ အခက်အခဲနဲ့ဖြစ်စေ၊ စည်းစိမ် အာဏာနဲ့ဖြစ်စေ အစမ်းသပ်ခံပြီးပြီလား။ သူတို့ကိုနအဖ စစ်အုပ်စု ဘယ်လောက်အထိစိတ်ချနိုင်မလဲ။

မတော်ရင်သမိုင်းအရင်ကရွေးကောက်ပွဲတွေလိုပဲကြုံတွေ့ရတတ်တယ်ဆိုတာ သင်းတို့သတိပြုမိပါစ။

ဗြညာ